# ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (Withholding Tax – WHT) အကြောင်းသိကောင်းစရာများ

၁။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WHT) ဆိုသည်မှာ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်၌ ကျသင့်အခွန်ကို သတ်မှတ်ထားသည့်နှုန်းဖြင့်နုတ်ယူ၍ သက်ဆိုင်ရာအခွန်ရုံးသို့ လွှဲပြောင်းပေးသွင်းသည့်ဝင်ငွေခွန် ဖြစ်ပါသည်။

၂။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WHT) သည် ကြိုတင်ဝင်ငွေခွန်သာဖြစ်ပြီး သီးခြားအခွန်အမျိုးအစားတစ်ရပ်မဟုတ်ဘဲ ဝင်ငွေခွန်၏အစိတ်အပိုင်းတစ်ခုသာဖြစ်ပါသည်။

၃။ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်များ လွတ်ကင်းမှုမရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ အပြည့်အဝကောက်ခံရရှိရေးအတွက် ပေးချေငွေတစ်ရပ်ပေါ်ပေါက်တိုင်း ငွေထုတ်ပေးရန် တာဝန်ရှိသူက ပေးချေငွေအပေါ် ဥပဒေနှင့်အညီ နုတ်ယူပေးသွင်းခြင်းသာ ဖြစ်ပါသည်။

၄။ လစာခေါင်းစဉ်နှင့်အကျုံးဝင်သောငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်၌ ထုတ်ပေးငွေမှ ကျသင့်သည့်အခွန်ကို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် တွက်ချက်နုတ်ယူပေးသွင်းရပါမည်။

၅။ လစာခေါင်းစဉ်မှအပ အောက်ပါပေးချေငွေအမျိုးအစားများအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ အရ သတ်မှတ်ရာခိုင်နှုန်းဖြင့် တွက်ချက်နုတ်ယူပေးသွင်းရပါမည်–

(က) ပြည်ပနေနိုင်ငံခြားသားအား ပေးချေရသည့် အတိုးပေးငွေဖြစ်ပါက – ၁၅%

(ခ) လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုခြင်းအတွက် ပေးချေငွေဖြစ်ပါက –

| | | |
|---|---|---|
| ပြည်တွင်းနေနိုင်ငံသား/ နိုင်ငံခြားသား | – | ၁၀% |
| ပြည်ပနေနိုင်ငံခြားသား | – | ၁၅% |

(ဂ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အစိုးရအဖွဲ့များ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များက တင်ဒါစနစ်၊ လေလံစနစ်၊ ဈေးပြိုင်ခေါ်ယူသည့်စနစ်၊ အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ပေးချေခြင်းဖြစ်ပါက –

| | | |
|---|---|---|
| ပြည်တွင်းနေနိုင်ငံသား/ နိုင်ငံခြားသား | – | ၂% |
| ပြည်ပနေနိုင်ငံခြားသား | – | ၂.၅% |

(ဃ) တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများက ကန်ထရိုက်စာချုပ်၊ သဘောတူစာချုပ်၊

အခြားစနစ်တစ်ခုဖြင့် နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ပေးချေခြင်းဖြစ်ပါက–

ပြည်ပနေနိုင်ငံခြားသား - ၂.၅%

၆။ အမှတ်စဉ် ၅။(ဂ)ပါ ပေးချေငွေဖြစ်ပါက နှစ်တစ်နှစ်အတွင်း စုစုပေါင်းပေးချေငွေ ကျပ် ၁ဝ သိန်းအထိဖြစ်လျှင် (WHT) နုတ်ယူပေးသွင်းရန် မလိုအပ်ပါ။ စုစုပေါင်းပေးချေငွေ ကျပ် ၁ဝ သိန်းထက်ကျော်သည့် ပေးချေငွေဖြစ်ပါက နုတ်ယူထားသော ငွေအားလုံးကို နုတ်ယူသူသည် ထိုသို့နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း နုတ်ယူခြင်းခံရသူ၏ အမည်/ လုပ်ငန်းအမည်ဖြင့် ပေးသွင်းရပါမည်။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်ကို သတ်မှတ်ထားသည့်နေ့အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သောပမာဏ၏ ၁ဝ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရပါမည်။

၇။ အခွန်ထမ်းဆောင်ရသူများအနေဖြင့် အခွန်များကို ကြိုတင်ပေးဆောင်ခဲ့ရခြင်းဖြစ်၍ အခွန်စည်းကြပ်မှုပြုသည့်အခါ ထပ်မံပေးဆောင်ရသည့်အခွန်ကိုသာ ပေးဆောင်ရန်ဖြစ်သောကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ လုပ်ငန်းမှဆုံးရှုံးငွေပေါ်ပေါက်ပါကလည်း ပြန်အမ်းငွေရရှိနိုင်မည်ဖြစ်ပါသည်။

၈။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WHT) နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**